# အမျိုးသမီးများဆိုင်ရာ အချက်အလက်

## ၂၀၂၃ ခုနှစ် အောက်တိုဘာလ

၂၀၂၃ ခုနှစ် အောက်တိုဘာလ အတွင်းတွင် အကြမ်းဖက်စစ်တပ်အနေဖြင့် အမျိုးသမီးများအား ဖမ်းဆီးခြင်း နှင့် ပြစ်ဒဏ် ချမှတ်ခြင်းများ ရှိသကဲ့သို့ ၎င်းတို့၏ လက်နက်ကြီး များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသမီး သေဆုံးသူ အရေအတွက်သည်လည်း တိုးလာလျှက်ရှိသည်။ အကြမ်းဖက်စစ်တပ် အာဏာသိမ်းရန် ကြိုးပမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စ၍ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့အထိ အကြမ်းဖက်စစ်တပ်၏ မတရားဖမ်းဆီး ထိန်းသိမ်းခြင်း ခံထားရသည့် အမျိုးသမီး စုစုပေါင်း **(၃၂၃၂) ဦး** ထိ ရှိခဲ့သည်။ ထိုသို့ ဖမ်းဆီး ထိန်းသိမ်းခံထားရသည့် အမျိုးသမီး **(၆၆၈) ဦး**သည် မတရားပြစ်ဒဏ်ချမှတ်ခံနေကြရသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်းတွင် အကြမ်းဖက်စစ်တပ်၏ တဖက်သတ်အမိန့်ချ၍ ထောင်ဒဏ်ချခံရသည့် အမျိုးသမီး **(၁၀) ဦး**ထိ ရှိခဲ့သည်။







ဖမ်းဆီးခံရသူ အမျိုးသမီးအများစုမှာ အကြောင်းအရင်း တစုံတရာမရှိဘဲ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ အချို့သော ဖမ်းဆီးခံရသူ အမျိုးသမီးများသည် ဖေ့စ်ဘွတ် ကဲ့သို့ လူမှုကွန်ယက် စာမျက်နှာတွင် သတင်းအမှား ဖြန့်ဝေခြင်း၊ ရေးသားခြင်းကြောင့် ဆိုသည့်စွပ်စွဲချက် များဖြင့် ဖမ်းဆီးခံရခြင်း ဖြစ်သည်။ အချို့မှာ တော်လှန်ရေး တပ်ဖွဲ့ဝင်များကို ထောက်ပံ့မှုရှိသည်ဟု ဆိုသည့် စွပ်စွဲချက်များဖြင့် ဖမ်းဆီးထိန်းသိမ်းခံရခြင်း ဖြစ်သည်။

အောက်တိုဘာလ ၁ ရက်နေ့မှ ၂၆ ရက်နေ့ အတွင်း အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီး ထိန်းသိမ်းခြင်း ခံရသည့် အမျိုးသမီးစုစုပေါင်း **(၁၀) ဦး**ထိရှိခဲ့သည်။ ထိုသို့ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် အမျိုးသမီးများသည် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မွန်ပြည်နယ် တို့မှဖြစ်သည်။

# အမျိုးသမီးများဆိုင်ရာ အချက်အလက်

## ၂၀၂၃ ခုနှစ် အောက်တိုဘာလ

ထို့အပြင် အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းရန်ကြိုးပမ်းမှုကာလအတွင်း အမျိုးသမီးစုစုပေါင်း **(၆၂၈) ဦး** အသက်ဆုံးရှုံးခဲ့ကြရသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့ မှ (၂၆) ရက်နေ့အတွင်းတွင် အမျိုးသမီး **(၁၂) ဦး** ထိ သေဆုံးခဲ့ရသည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးရသည့် အမျိုးသမီး **(၅) ဦး** သည် အကြမ်းဖက်စစ်တပ်မှ အရပ်သားပြည်သူ နေအိမ်များသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် လက်နက်ကြီး ထိမှန်၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။ အမျိုးသမီး **(၄) ဦး** သည် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များ၏ ပစ်သတ်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ ကျန် **(၁)** ဦးသည် ဖမ်းဆီးခံရစဉ်အတွင်း သေဆုံးခြင်းဖြစ်ပြီး **(၁) ဦး** သည် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များ၏ မိုင်းမိ၍ သေဆုံးခဲ့ရဖြစ်သည်။ အခြား **(၁) ဦး**မှာ အကြမ်းဖက်စစ်တပ်၏ တပ်ဖွဲ့ဝင်များ၏ လည်ပင်းညှစ်သတ်ခြင်းကြောင့် သေဆုံးခဲ့ရသည်။







| | Artillery | Detainment | Shot | Landmine | Phyiscal Assault |
|---|---|---|---|---|---|
| number | 5 | 1 | 4 | 1 | 1 |

ယခုအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ အချက်အလက်များကို အဓိက မှီငြမ်း ကိုးကားထား ပြီး ၊ ခိုင်လုံသော သတင်းမီဒီယာများမှ ထုတ်ဖော်ရေးသားသည့် သတင်း၊အချက်အလက်များ အပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂ မှ ပြန်လည် စုစည်းတင်ပြ ထားခြင်း ဖြစ်ပါသည်။ လက်တွေ့မြေပြင် အခြေ အနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများ ရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။